အားလုံးဘဲမင်္ဂလာပါ

မြန်မာနိုင်ငံ ဓာတုအင်ဂျင်နီယာအသင်း၏ ဒုတိယအကြိမ်မြောက် အသင်းသားစုံညီ နှစ်ပတ်လည် အထွေထွေ အစည်းအဝေးကို တက်ရောက်လာတဲ့ အသင်း၏ ဂုဏ်ထူးဆောင်အသင်းဝင်နာယက တဦးဖြစ်သူ ဆရာမကြီးဒေါ်ခင်ဆွေအေး နှင့် တကွ အသင်း၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ နှင့် အသင်းသူ၊အသင်းသားများအားလုံး စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျမ်းမာခြင်းတို့ဖြင့် ပြည့်စုံကြပါစေလို့ ရှေ့ဦးစွာ ဆုတောင်းမေတ္တာ ပို့သ အပ်ပါသည်။

အသင်းသူ၊အသင်းသားများ ယခုလို အစည်းအဝေးကို တက်ရောက်ပေးလာတဲ့ အတွက်လဲ အထူးပင်ကျေးဇူးတင်ရှိပါတယ်။

မြန်မာနိုင်ငံဓာတုအင်ဂျင်နီယာအသင်းကို နိုင်ငံတော်မှာ မှတ်ပုံတင်ပြီး ခိုင်မာတဲ့ အသင်းတစ်ခု ဖြစ်လာဖို့ အတွက် ပြည်တွင်းပြည်ပ မြန်မာဓာတုအင်ဂျင်နီယာများအားလုံးက 2005 ခုနှစ်ထဲ့ကစတင် ကြိုးပမ်းခဲ့ရာမှာ ဓာတုအင်ဂျင်နီယာမိသားစု စုစည်းတွေ့ဆုံပွဲ နှင့် ဓာတုအင်ဂျန်နီယာ ညီလာခံများကို ပထမအကြိမ်အဖြစ် 2012 ခုနှစ် ဒီဇင်ဘာလ (31)ရက်မှာလည်းကောင်း ၊ ဒုတိယအကြိမ် အဖြစ် 2016 ခုနှစ် ဒီဇင်ဘာလ (31)ရက်တို့မှာ လည်းကောင်းကျင်းပနိုင်ခဲ့ပါသည်။

ယင်းညီလာခံများရဲ့ နောက်ဆက်တွဲ ရလဒ် အနေဖြင့် မြန်မာနိုင်ငံဓာတုအင်ဂျင်နီယာ အသင်း၏ ဖွဲ့စည်းပုံ နှင့် အခြေခံစည်းမျဉ်းကို မြန်မာဓာတုအင်ဂျင်နီယာများ အားလုံးက 2018 ခုနှစ် ၊မတ်လ (24) ရက်နေ့မှာ အတည်ပြုပေးနိုင်ခဲ့တဲ့အတွက်ကြောင့်ပြည်တွင်းအသင်းအဖွဲ့မှတ်ပုံတင်လတ်မှတ်ကို 2019 ခုနှစ် ဒီဇင်ဘာလ (27)ရက်နေ့မှာ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ၊ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာနမှ ထုတ်ပြန် ပေးခဲ့ပါသည်။

အသင်းကြီးပေါ်ထွန်းလာပြီးတဲ့နောက်မှာ အသင်းကြီး ရေရှည်တည်တန့် ခိုင်မြဲပြီး ရည်ရွယ်ချက်များ အတိုင်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ဖို့ အတွက် မြန်မာဓာတုအင်ဂျင်နီယာများ အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

အဓိကရှေ့တန်းမှ တာဝန်ယူဆောင်ရွက်ရမဲ့သူတွေကတော့ အသင်းသားများက ယုံကြည်စွာ ရွေးချယ်တင်မြောက်ထားတဲ့ အသင်းရဲ့ ဗဟို အလုပ်အမှုဆောင် အဖွဲ့ဝင်များဘဲ ဖြစ်ပါတယ်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များအနေဖြင့် လစဉ်ပုံမှန် အစည်းအဝေးများ နှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များအနေဖြင့် သုံးလတကြိမ်ပုံမှန်အစည်းအဝေးများကျင်းပ၍ အသင်းကြီးရဲ့ ရည်ရွယ်ချက်များ အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်း ဆောင်ရွက်ခဲ့ပါတယ်။

ကျွန်တော်တို့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များအနေဖြင့် အသင်းကြီးရေရှည်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်ရေးအတွက် အသင်းကြီးရဲ့ ရည်ရွယ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အသင်းသူ အသင်းများမှ ရေးဆွဲအတည်ပြုထားသော အသင်း၏ ဖွဲ့စည်းပုံနှင့် အခြေခံစည်းမျဉ်းများ

အတိုင်း တသွေမတိမ်းလိုက်နာ ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ခြင်းသည် အသင်းကြီး ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကြသော ဆောင်ရွက်ချက် ဖြစ်သည်ဟု ယုံကြည် ပါသည်။

ကျွန်တော်တို့ အလုပ်အမှုဆောင်အဖွဲ့ဝင်များအနေဖြင့် အသင်းရဲ့ ရည်ရွယ်ချက်များကို စနစ်တကျ အကောင်အထည်ဖော်နိုင်ရန် အတွက် ကော်မတီသုံးရပ်ဖွဲ့စည်းပြီးဆောင် ရွက်ခဲ့ပါတယ်။

ပထမ ကော်မတီကတော့ ဒုတိယဥက္ကဋ္ဌ (1) ဖြစ်သူ ဦးမောင်မောင်အေးဦးဆောင်တဲ့ လူမှုဖူလုံရေး နှင့် ဘဏ္ဍာရေး ကော်မတီ (Social Welfare and Financial Committee) ဖြစ်ပါတယ်။

ဒုတိယကော်မတီကတော့ ဒုတိယဥက္ကဋ္ဌ (2) ဖြစ်သူ ဒေါ်နွယ်နွယ်သက် ဦးဆောင်တဲ့ ကျွမ်းကျင်မှုဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (Professional Development Committee) ဖြစ်ပါတယ်။

တတိယကော်မတီကတော့ ဒုတိယဥက္ကဋ္ဌ (3) ဖြစ်သူ ဦးစိုင်းဆိုင်မိုင်းဦးဆောင်တဲ့ နည်းပညာ တက္ကသိုလ်များမှာရှိတဲ့ ဓာတုအင်ဂျင်နီယာဌာနများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (Committee for Sustainable Development of ChE. Departments of TUs) တို့ဘဲ ဖြစ်ပါတယ်။

လူမှုဖူလုံရေး နှင့် ဘဏ္ဍာရေး ကော်မတီ အနေဖြင့် အသင်းရဲ့ Website ဖြစ်တဲ့ mm-mache.org ကိုစနစ် တကျဖြစ်အောင် ဆောင်ရွက်ခဲ့သလို၊ ဆရာ၊ဆရာမများ ကျန်းမာရေးရံပုံငွေ၊ ဦးခင်အောင်ကြည်ပညာရေးအထောက်အပံ့ရံပုံငွေ၊ ဒေါက်တာမောင်မောင်ဝင်း သူတေသနရန်ပုံငွေနဲ့ လူမှုရေးရန်ပုံငွေစသည့်ကို စနစ်တကျ ဖြစ်အောင် ဆက်လက် ထိန်းသိမ်းဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် အခက်အခဲမျိုးစုံကြားမှ 2021 ခုနှစ် ဓာတုအင်ဂျင်နီယာမိသားစု ဆရာကန်တော့ပွဲ ကိုလည်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါတယ်။

ကျွမ်းကျင်မှုဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့် ဓာတုအင်ဂျင်နီယာ ဘာသာရပ်ဆိုင်ရာ ဗဟုသုတများရရှိစေရေး နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအထောက်အပံ့ ဖြစ်စေရန် ရည်ရွယ်ပြီး အတွေ့အကြုံများတဲ့ ပြည်တွင်းပြည်ပဓာတုအင်ဂျင်နီယာများနှင့် စကားဝိုင်း ဆွေးနွေးပွဲ အစီအစဉ်(5)ခုအထိ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဒီစကားဝိုင်းဆွေးနွေးပွဲတွေမှာ ပြည်ပမှာရောက်ရှိနေတဲ့ မြန်မာဓာတုအင်ဂျင်နီယာများ စိတ်ဝင်တစား ပါဝင်လာတဲ့ အတွက် အထူးဘဲဝမ်းသာ ဂုဏ်ယူမိပါတယ်။

အထူးခြားဆုံးကတော့ ထိုင်းနိုင်ငံဘန်ကောက်မှာ ရောက်ရှိနေတဲ့ ဆရာကြီးဦးအောင်မြိုင်က ရေနံဓာတုလုပ်ငန်းဘာသာရပ်ဆိုင်ရာဆွေးနွေးပေးတာနဲ့ USA မှာ ရောက်ရှိနေတဲ့ ဆရာကြီး ဦးမောင်မောင်က Factory safety အကြောင်းဆွေးနွေးပေးတာတို့ ဘဲဖြစ်ပါတယ်။ ယခုလို

ဟောပြောပေးတဲ့ ဆရာကြီးတို့ကို လည်းအထူးပင်ကျေးဇူးတင်ရှိပါတယ်။

တော်တော်လေး အရှိန်ရကောင်းမွန်တဲ့ အချိန်မှာ နိုင်ငံရေးအခြေအနေကြောင့် ရပ်တန့်ခဲ့ ရတာကို အထူးဘဲ စိတ်မကောင်းဖြစ်ရပါတယ်။

ဓာတုအင်ဂျင်နီယာဌာနများရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့် နည်းပညာတက္ကသိုလ်များရှိဓာတုအင်ဂျင်နီယာဌာနများသို့သွားရောက်၍ လိုအပ်ချက်များကို တွေ့ဆုံဆွေးနွေးခဲ့ကြပြီး ပထမအဆင့် အနေဖြင့် ရန်ကုန်နည်းပညာတက္ကသိုလ် ဓာတုအင်ဂျင်နီယဌာနရှိ အစားအသောက်ဓာတ်ခွဲခန်းပြုပြင် မွန်းမံရေးလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ပါသည်။

အထက်ပါအချက်အလက်တွေကတော့ပြီးခဲ့တဲ့ နှစ်များတွင် အသင်းအနေနဲ့ဆောင်ရွက်ခဲ့သော လုပ်ငန်းရပ်များဖြစ်ပါသည်။

ကျွန်တော်တို့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့အနေဖြင့် အသင်း၏ရည်ရွယ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လက်ရှိအနေအထားများအရ အစပျိုးဆောင်ရွက်နိုင်သည့် အဆင့်သာရှိသေးပါကြောင်း အသင်းသားများကို လေးစားစွာ ဝန်ခံ တင်ပြအပ်ပါတယ်။

လာမည့်နှစ်မှာ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ကျွန်တော်အနေဖြင့် နိဂုံးချုပ်အမှာစကားပြောကြားတဲ့ အခါ ထည့်သွင်းပြောကြားသွားမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံဓာတုအင်ဂျင်နီယာအသင်း၏ရည်ရွယ်များကို အကောင် အထည်ဖော်ဆောင်ရွက်ရာမှာ ယခုလိုအခြေအနေအထိရောက်ရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးခဲ့သော အသင်း၏ အလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့် အသင်းသူ အသင်းများအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားရင်း ကျွန်တော်ရဲ့အဖွင့်အမှာစကားပြောကြားခြင်းကိုနိဂုံးချုပ်အပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။